ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂)     ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်

မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | Artificial Intelligence Contract အကြောင်း သိကောင်းစရာ | ၂-၃ |
| ၂။ | ဥပဒေဆိုင်ရာလုပ်ငန်းများအတွက် Artificial Intelligence Tool (AI tool) | ၄-၅ |
| ၃။ | စက်ဘာပူစေ့စပ်ဖြေရှင်းရေးသဘောတူစာချုပ်နှင့် မြန်မာနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၏စေ့စပ်ဖြေရှင်းရေးကဏ္ဍ | ၆-၉ |
| ၄။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသောဥပဒေသတင်းအချက်အလက်သစ်များအကြောင်း သိကောင်းစရာ | ၁၀-၁၁ |
| ၅။ | လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သောပြစ်မှုများနှင့်စစ်ရာဇဝတ်မှုများကိုစုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း ဥပဒေဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာသဘောတူစာချုပ် (Mutual Legal Assistance Treaty-MLA)ပေါ်ပေါက်နိုင်ရေးအတွက် နိုင်ငံတကာ၏ကြိုးပမ်းအားထုတ်မှု | ၁၂ |
| ၆။ | ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က လက်နက်ကိုင်ပဋိပက္ခတွင်အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည့် အစီရင်ခံစာ | ၁၃-၁၄ |

## Artificial Intelligence Contract အကြောင်းသိကောင်းစရာ

Artificial Intelligence သို့မဟုတ် AI ဆိုသော စကားရပ်သည် machine learning ကိုရည်ညွှန်းသည့် နည်းပညာတစ်ရပ်အတွက် အသုံးပြုသော ယေဘုယျစကားရပ်တစ်ခုဖြစ်သည်။ Machine learning ဆိုသည်မှာ ကွန်ပျူတာကို သတ်မှတ်ထားသော အချက်အလက်များအတွက် သီးခြားဆောင်ရွက်ရန် နည်းလမ်းများကို ရှာဖွေပြီး များပြားစွာသောအလုပ်များကို ကွန်ပျူတာအား လုပ်ဆောင်စေခြင်း ဖြစ်ပါသည်။

နည်းပညာများတိုးတက်လာခြင်းကြောင့်ဥပဒေရေးရာကဏ္ဍတွင်လည်း Artificial Intelligence Contract (Contract AI) သည်လည်း အသုံးပြုမှုနှင့်ကျော်ကြားမှု တိုးမြင့်လာကြောင်းတွေ့ရှိရသည်။

The Future Ready Lawyer Report 2021 အရ ဥပဒေနှင့် အသက်မွေးဝမ်းကြောင်းပြုသူများသည် ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်သော အလုပ်များတွင် Artificial Intelligence ၏ လွှမ်းမိုးမှုသည် ၅၈ ရာခိုင်နှုန်း အထိရှိကြောင်း၊ ယင်းတို့၏လုပ်ငန်းများအောင်မြင်စေရန်အတွက် နည်းပညာကို အသုံးပြုမှု သည် ပိုမိုတိုးတက်လာကြောင်းတွေ့ရှိရသည်။ Artificial Intelligence သည် မှော်ပညာတစ်ခု မဟုတ်သလို ရှေ့နေများ၏ အခန်းကဏ္ဍကိုလည်း နေရာမယူနိုင်ကြောင်း ပြောဆိုကြသော်လည်း Artificial Intelligence နည်းပညာကိုအသုံးပြုခြင်းအားဖြင့် နေ့စဉ်လုပ်ဆောင်နေသော လုပ်ငန်းဆောင်တာများကို ထိရောက်စွာလုပ်ကိုင်နိုင်ကြောင်း တွေ့ရှိရသည်။

AI Contract ကို နည်းပညာပုံစံအမျိုးမျိုးဖြင့် အသုံးပြုနေကြသော်လည်း အဓိကအားဖြင့် Contract Drafting Process နှင့် Contract Review Process တို့တွင် Software များ ရေးဆွဲအသုံးပြုလျက်ရှိသည်ကိုတွေ့ရှိရသည်။

AI Contract Drafting Software သည် ပဋိညာဉ်တစ်ခုရေးဆွဲဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ကြိုတင်အတည်ပြုထားသော အသုံးအနှုန်းများဖြင့် အလိုအလျောက်အစားထိုး ဆောင်ရွက်နိုင်ရေး

နှင့်ပြင်ဆင်ချက်များ ပြုလုပ်နိုင်ရေးတို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ AI က ပံ့ပိုး ပေးထားခြင်း ဖြစ်သည်။

AI Contract Review Software သည် လူသားအရင်းအမြစ်ပေါ်တွင် မှီတည်၍ဆောင်ရွက်ရသော ပဋိညာဉ်စာချုပ်များ ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို ပယ်ဖျက်၍ ပဋိညာဉ်စာချုပ်တွင် ပါရှိသောစကားရပ်များကိုရှာဖွေခြင်း၊ အရေးကြီးသောအချက်အလက်များကို ရွေးချယ်ထုတ်နုတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို လျင်မြန်ထိရောက်စွာ အလိုအလျောက် ပြုလုပ်ရန်အတွက် ရေးဆွဲထားသည့် နည်းပညာတစ်ခုဖြစ်သည်။

AI Contract Software ကိုအသုံးပြုခြင်းဖြင့်ပဋိညာဉ်စာချုပ်များညှိနှိုင်းခြင်းလုပ်ငန်းစဉ်တွင် ဆောင်ရွက်မှုလုပ်ငန်းစဉ်များကိုခြေရာခံဆောင်ရွက်နိုင်ခြင်းနှင့် စာချုပ်ပြန်လည်ပြင်ဆင်ရေး အတွက် ပဋိညာဉ်အရဆောင်ရွက်ရမည့်တာဝန်များကို စာချုပ်ဝင်များအနေဖြင့် လစ်ဟာမှုမရှိစေရေးဆောင်ရွက်နိုင်ရန်အတွက် သတိပေးခြင်းတို့ကို ဆောင်ရွက်နိုင်သကဲ့သို့ စာချုပ်ပြန်လည်ပြင်ဆင်ပါက မည်သည့်အချက်များအပေါ်ဆွေးနွေးသင့်ကြောင်းကိုလည်း အချက်အလက်များ စုဆောင်းထားရှိပေးနိုင်ကြောင်း တွေ့ရှိရသည်။

AI Contract Software များကိုအသုံးပြုခြင်းဖြင့် ပဋိညာဉ်စာချုပ်တစ်ခုပါ အချက်အလက်များကို အစားထိုးခြင်း၊ သုံးသပ်ခြင်း အတွက် Software တွင် ထည့်သွင်းထားသည့် ဆောင်ရွက်မှုနည်းလမ်းများဖြင့် တိကျစွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သော်လည်း Software တွင် မပါရှိသော ကိစ္စများကို သုံးသပ်ရန်ပေါ်ပေါက်လာပါက အားနည်းမှုများရှိနိုင်ကြောင်းတွေ့ရှိရပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဥပဒေဆိုင်ရာလုပ်ငန်းများအတွက် Artificial Intelligence Tool(AI tool)

ဥပဒေဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည် ၎င်းတို့၏လုပ်ငန်းများအတွက်အထောက်အကူဖြစ်စေနိုင်သည့် Artificial Intelligence Tool (AI tool) များပေါ်ထွက်လာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်လာကြပါသည်။ ၂၀၂၂ ခုနှစ်တွင်လုပ်ငန်းများစတင်ခဲ့သည့် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့ အခြေစိုက် Harvey AI ကုမ္ပဏီ၌ နိုင်ငံတကာ Law Firm တစ်ခုဖြစ်သည့် Allen & Overy က ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမေရိကန်ဒေါ်လာ ၅ သန်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သည်။ Harvey AI ကုမ္ပဏီသည် ဥပဒေဆိုင်ရာ လုပ်ငန်းများအတွက်အချိန်နှင့် ငွေကြေးကုန်ကျစရိတ်သက်သာပြီး အသုံးပြုမှုလွယ်ကူစေသည့် Legal AI တစ်ခုကို တည်ဆောက်လျှက်ရှိပြီး GhatGPT AI Software စနစ်ကိုတည်ဆောက်ခဲ့သည့် OpenAI ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုများအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၁ သန်းခန့်ရှိကြောင်းသိရှိရပါသည်။

Harvey AI ကုမ္ပဏီ၏ Legal AI Tool သည် ဥပဒေများ၊ စီရင်ဆုံးဖြတ်ချက်များ၊ စာချုပ်စာတမ်းများစသည့် နိုင်ငံတကာနှင့်သက်ဆိုင်သော ဥပဒေဆိုင်ရာအချက်အလက်များစွာကိုအခြေခံ၍ Artificial Intelligence(AI) နည်းပညာအသုံးပြု တည်ဆောက်ထားခြင်းဖြစ်၍ စာချုပ်စာတမ်းများရေးသားခြင်းနှင့် စိစစ်အကြံပြုခြင်း၊ တရားစွဲဆိုခြင်း၊ ဥပဒေအကြံပေးခြင်း၊ ဥပဒေဆိုင်ရာမေးခွန်းများကိုဖြေကြားပေးခြင်း၊ ဥပဒေသုသေသနပြုလုပ်ခြင်း၊ အမှုအကြောင်းခြင်းရာနှင့် ရလဒ်များကို ကြိုတင်ခန့်မှန်းခြင်း၊ ဘာသာစကား အမျိုးမျိုးဖြင့်အသုံးပြုနိုင်ခြင်းစသည့် ဥပဒေဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများတွင် သက်ဆိုင်ရာရှေ့နေနှင့် အမှုသည်များလိုအပ်သည့် သတင်းအချက်အလက်များကို အလျှင်အမြန်ပံ့ပိုးပေးနိုင်မည့် စနစ်တစ်ခုဖြစ်ကြောင်း Allen & Overy Law Firm ၏ တာဝန်ရှိသူများက ပြောကြားထားပါသည်။ Harvey AI ကုမ္ပဏီ၏ Legal AI နည်းပညာစနစ်ကို အသုံးပြုခွင့်ရရန် ကြိုတင်စာရင်းပေးသွင်းထားသည့် နိုင်ငံတကာ Law Firm စုစုပေါင်း ၁၅၀၀၀ ကျော်ရှိကြောင်းကိုလည်း ကုမ္ပဏီ၏ တာဝန်ရှိသူများက ပြောကြားထားသည်ကိုတွေ့ရှိရပါသည်။

Legal AI Tool သည် ရှေ့နေတစ်ဦးကဲ့သို့အထောက်အကူပေးနိုင်သည့် Legal Assistant Tool တစ်ခုဖြစ်သည်ဟုဆိုသော်လည်း စမ်းသပ်အသုံးပြုနိုင်သည့်အဆင့်(beta version)၌သာရှိနေခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏တည်ဆဲဥပဒေများနှင့် လိုက်ရောညီထွေရှိရန်လိုအပ်ခြင်း၊ အသုံးပြုသူများ၏ လုံခြုံရေး၊ အမှုသည်များ၏ ကိုယ်ရေးကိုယ်တာသတင်းအချက်အလက် လုံခြုံရေးနှင့် လူသားရှေ့နေတစ်ဦး၏ကျင့်ဝတ်ဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ၎င်းတွင်အားနည်းချက်များရှိနိုင်သောကြောင့် လူသားရှေ့နေတစ်ဦး၏အတွေ့အကြုံနှင့် တွေးခေါ်မှုများအပေါ် မည်သည့်အတိုင်းအတာအထိအစားထိုးနိုင်ပြီး ဥပဒေဆိုင်ရာလုပ်ငန်းများအတွက် အမှန်တကယ်အထောက်အကူ ပေးနိုင်ခြင်း ရှိမရှိ ဆိုသည်ကို လက်တွေ့အသုံးပြု၍ အကဲဖြတ်ရမည်ဖြစ်ပါသည်။

ဦးကျော်သိန်းလွင်
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်များ**

- Reuters News (27 April 2023) https://www.reuters.com/legal/legal-ai-race-draws-more-investors-law-firms-line-up-2023-04-26/
- https://www.allenovery.com/en-gb/global/news-and-insights/news/ao-announces-exclusive-launch-partnership-with-harvey
- https://www.clio.com/blog/harvey-ai-legal/
- https://justicenews247.com/2023/04/28/breaking-more-than-15000-lawfirms-are-on-a-waiting-list-to-use-legal-ai-startup-harvey/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂) ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်

## စင်ကာပူစေ့စပ်ဖြေရှင်းရေးသဘောတူစာချုပ်နှင့် မြန်မာနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ၏ စေ့စပ်ဖြေရှင်းရေးကဏ္ဍ

အပြန်အလှန်ဆက်နွယ်လျက်ရှိသောကမ္ဘာပေါ်တွင် စီးပွားရေးအစီအမံများနှင့် ဆက်စပ်သော အငြင်းပွားမှုများသည်နယ်မြေများကိုဖြတ်၍မကြာခဏဖြစ်ပွားနေသဖြင့်အငြင်းပွားမှုများကိုအချိန်နှင့် ကုန်ကျစရိတ်သက်သာစွာဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေရန်မှာပို၍ အရေးကြီးလာသည်။ အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ်များစွာအနက် စေ့စပ်ဖြေရှင်းခြင်း (Mediation) သည် အချိန်ကုန် သက်သာသည့်အငြင်းပွားမှုဖြေရှင်းမှုပုံစံတစ်ခုဖြစ်ပါသည်။နိုင်ငံတကာစေ့စပ်ဖြေရှင်းရေးသဘောတူညီ ချက်များကို တရားဝင်အကျိုးသက်ရောက်စေရန် နယ်စပ်ဖြတ်ကျော်ယန္တရားမရှိခြင်းသည် စေ့စပ် ဖြေရှင်းရေးနည်းလမ်း အသုံးပြုမှုအတွက် သိသာထင်ရှားသော အတားအဆီးတစ်ခု ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာတွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ ထွက်ပေါ်လာသော နိုင်ငံတကာ စေ့စပ်ဖြေရှင်းခြင်းသဘောတူညီချက်များဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုခဲ့ပြီး အဆိုပါ သဘောတူညီချက်အား“Singapore Convention on Mediation” ဟုလူသိများသောသဘောတူညီချက် ကိုလက်မှတ်ရေးထိုးရန် အကြံပြုခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ Singapore Convention on Mediation ကို လက်မှတ်ရေးထိုးခဲ့ပြီး ယင်းကွန်ဗင်းရှင်းသည် စေ့စပ်ဖြေရှင်းခြင်းမှထွက်ပေါ်လာသည့် နိုင်ငံတကာအငြင်းပွားမှုဖြေရှင်းရေး သဘောတူညီချက်များ ကို အာဏာသက်ရောက်မှု ရှိစေရေးအတွက် တစ်ညီတစ်ညွတ်တည်းနှင့် ထိရောက်မှုရှိစေရန်နှင့် စာချုပ်ဝင်များကို အဆိုပါ သဘောတူညီချက်များတွင် ပါဝင်စေရန်အတွက် ဥပဒေမူဘောင်တစ်ခုကို သတ်မှတ်ပေးပါသည်။

လက်ရှိအချိန်၌ Singapore Convention on Mediation တွင် လက်မှတ်ရေးထိုးသည့်စာချုပ်ဝင် နိုင်ငံပေါင်း ၅၆ နိုင်ငံရှိပြီး အတည်ပြုသည့်နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ များဖြစ်သည့် ဘရူနိုင်း ၊လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ နှင့် အရှေ့တီမော စုစုပေါင်း ၆ နိုင်ငံက၇-၈-၂၀၁၉ရက်နေ့တွင်လက်မှတ်ရေးထိုးခဲ့ပြီး စင်ကာပူနိုင်ငံကConvention အား၂၅-၂-၂၀၂၀

တွင်အတည်ပြုပြီးဖြစ်ပါသည်။ စင်ကာပူနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးနောက်ပိုင်းတွင် “The Singapore Convention on Mediation Act 2020 ကို ကျင့်သုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မလေးရှားနိုင်ငံသည် ၂၃-၁၂-၂၀၂၂ ရက်စွဲဖြင့် “A Practical Guide To Mediation in Malaysia” အားကျင့်သုံးလျက်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ ကျန်အာဆီယံနိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီးနောက်ပိုင်းတွင် သီးခြားဥပဒေပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် Singapore Convention on Mediation တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များတွင် အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါကဖြေရှင်းဆောင်ရွက်နိုင်ရန်အလို့ငှာ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်အချို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို ၂၀၁၉ ခုနှစ် မတ်လ (၁) ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်များကိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် ၅၈/၂၀၂၁) ကို ပြဋ္ဌာန်း၍ ယင်းဥပဒေပုဒ်မ ၈၉၏နောက်တွင် ပုဒ်မ ၈၉-ကအဖြစ် “စေ့စပ်ဖြေရှင်းရေး” Meditiation နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်အားဖြည့်စွက်ပြဋ္ဌာန်းခဲ့ပါသည်။ယင်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့တွင် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်အား စေ့စပ်ဖြေရှင်းရေးစနစ်အဖြစ် နိုင်ငံတစ်ဝန်းရှိ တရားရုံးအားလုံးတွင် စတင်ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် စေ့စပ်ဖြေရှင်းဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသောအမှုများမှာ (၁)မိသားစုဆိုင်ရာအငြင်းပွားမှုများ၊ (၂)ငွေကြေးဆိုင်ရာ အငြင်းပွားမှုများ၊ (၃)

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများနှင့် (၄)အခြားပြဿနာများ ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ တရားမမှု စုစုပေါင်း ၃၆၇၈ မှုကို စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ခဲ့ပြီး ၁၀၃၉ မှု မှာ စေ့စပ်ဖြေရှင်းရေးအောင်မြင်ခဲ့ကြောင်း ဖော်ပြထားပြီး ယင်းအမှုများအနက် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ သီးခြားဖော်ပြခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၉)၊ ပုဒ်မ ၈၂ မှ ၈၄ ထိပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေပုဒ်မ ၈၂ အရ ၄-၇-၂၀၂၀ ရက်နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ်၉/၂၀၂၀ဖြင့် ရင်းနှီးမြှုပ်နှံသူ၏နစ်နာမှုဖြေရှင်းသည့်နည်းလမ်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်ကြော်ငြာစာ အပိုဒ် ၁၉ တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူ၏ နစ်နာမှုဖြေရှင်းရေးကော်မတီက နစ်နာမှုကို ဖြေရှင်းရန်လက်ခံပါက နစ်နာမှုနှင့်ဆက်စပ်သောရင်းနှီးမြှုပ်နှံသူများနှင့်အစိုးရအဖွဲ့အစည်းများအကြား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းလမ်းများဖြစ်သည့် တိုက်ရိုက်ဆွေးနွေးခြင်းနည်းလမ်း၊ စေ့စပ်ညှိနှိုင်းခြင်းနည်းလမ်းနှင့် ဖြန်ဖြေခြင်းနည်းလမ်းတို့ကို အသုံးပြု၍ဖြေရှင်းနိုင်သည်ဟု ဖော်ပြထားပါသည်။ ယင်းအမိန့်ကြော်ငြာစာအပိုဒ် ၂၄ တွင်ကော်မရှင်သည် လျှောက်ထားသူမှနစ်နာမှုကိုတင်ပြခြင်း၊ နစ်နာမှုစိစစ်ခြင်း၊ လက်ခံခြင်း၊ ငြင်းပယ်ခြင်း၊ စုံစမ်းခြင်း၊ အကြောင်းကြားခြင်းအပါအဝင် နစ်နာမှုဖြေရှင်းသည့်နည်းလမ်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များပါဝင်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားသဖြင့် ယင်းအပိုဒ် ၂၄ အရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအငြင်းပွားမှုဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ စေ့စပ်ဖြေရှင်းခြင်း(Mediation) ဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ရေးဆွဲရန် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

စေ့စပ်ဖြေရှင်းခြင်း (Mediation) ဆိုင်ရာလုပ်ထုံးလုပ်နည်းများထုတ်ပြန်နိုင်မည်ဆိုပါက ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဝန်းကျင်အား လေ့လာ

သိရှိပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် အထောက်အကူဖြစ်စေရန် နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ထိရောက်စွာ ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသောဥပဒေသတင်း အချက်အလက်သစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးလျက်ရှိသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)သည် ၂၀၂၃ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဝန်ဆောင်မှုပေးသည့် ကာလ ၅ နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။ စတင်လွှင့်တင်ဝန်ဆောင်မှုပေးစဉ်က ဥပဒေသတင်းအချက်အလက် ၅၀၀၀ ကျော်မျှဖြင့် ဝန်ဆောင်မှုပေးခဲ့ရာမှ ၅ နှစ်သက်တမ်းပြည့်မြောက်သည့် အချိန်တွင် ဥပဒေသတင်းအချက်အလက် တစ်သောင်းကျော်ကို ဖော်ပြဝန်ဆောင်မှုပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ယခုတစ်ပတ်အတွင်း ဥပဒေသတင်းအချက်အလက် အသစ်အနေဖြင့် စာချုပ်စာတမ်းများ မှတ်ပုံတင်နည်းဥပဒေများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားချက်များအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက MLIS တွင် ထည့်သွင်းဖော်ပြပေးနိုင်ပါရန် ပေးပို့လာသည့်အတွက်ယင်းအင်္ဂလိပ်ဘာသာပြန်ဆိုချက်အား ဖော်ပြဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။

စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ (ဥပဒေအမှတ်၉/၂၀၁၈)ကို ၂၀-၃-၂၀၁၈ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေသည် ၁-၁၀-၂၀၁၈ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပါသည်။ ယင်းဥပဒေ ပုဒ်မ ၈၆(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန က ၁၀-၉-၂၀၁၉ ရက်နေ့တွင် နည်းဥပဒေများကိုထုတ်ပြန်ခဲ့ပါသည်။ ယင်းနည်းဥပဒေများကို မြန်မာ ဘာသာမှအင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားချက်များအား မြန်မာဥပဒေသတင်းအချက်အလက် စနစ်(MLIS)တွင် ထည့်သွင်းဖော်ပြ၍ အများပြည်သူလေ့လာသိရှိနိုင်ရန် ပေးပို့ခဲ့သောကြောင့် ယင်းနည်းဥပဒေအင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို ဖော်ပြဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။

ယင်းကဲ့သို့ဝန်ဆောင်မှုပေးခြင်းဖြင့် မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသားများ အနေဖြင့်လည်း မှတ်ပုံတင်စာချုပ်များချုပ်ဆိုရာတွင် သိရှိသင့်သည့် လုပ်ထုံးလုပ်နည်းများ၊ ကိတ္တိမမွေးစားခြင်းဆိုင်ရာကိစ္စများ၊ သေတမ်းစာနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို မည်ကဲ့သို့ မှတ်ပုံတင်ရမည်ကို လေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂) ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်

ယခုတစ်ပတ်အတွင်းတွင် အခြားဥပဒေသတင်းအချက်အလက်အနေဖြင့် အကောက်ခွန်ဝန်ဆောင်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် သက်တမ်းတိုးကျော်ပါက ချမှတ်မည့်ဒဏ်ကြေးများနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်များပါရှိသည့် အမိန့်ကြော်ငြာစာကိုလည်း ဖော်ပြဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

**လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သောပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း ဥပဒေဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေး ဆိုင်ရာသဘောတူစာချုပ် (Mutual Legal Assistance Treaty-MLA)ပေါ်ပေါက်နိုင်ရေးအတွက် နိုင်ငံတကာ၏ကြိုးပမ်းအားထုတ်မှု**

လူမျိုးသုဉ်းသတ်ဖြတ်မှု၊လူသားမျိုးနွယ်အပေါ်ဆန့်ကျင်သောပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့်တရားစွဲဆိုခြင်းနှင့်ပတ်သက်သည့် အထင်ကရစာချုပ် (landmark treaty) အတွက် သံတမန်ရေးရာစေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်နေကြောင်းကို Fortify Rights ၏ သတင်းစာမျက်နှာတွင် ရေးသားဖော်ပြထားပါ သည်။

နိုင်ငံတကာမှ ကိုယ်စားလှယ်များသည် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်ပြစ်မှုများနှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း နှင့်စပ်လျဉ်း၍ နိုင်ငံအချင်းချင်း ဥပဒေဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေး ဆိုင်ရာသဘောတူ စာချုပ် (Mutual Legal Assistance Treaty- MLA)ပေါ်ပေါက်ရေးအတွက် စလိုဗီယားနိုင်ငံ၊ Ljubljana မြို့တွင် အာဂျင်တီးနား၊ ဘယ်ဂျီယံ၊ မွန်ဂိုးလီးယား၊ နယ်သာလန်၊ ဆီနီဂေါ နှင့် ဆလိုဗေးနီးယား နိုင်ငံများ၏ ကိုယ်စားလှယ်များဖြင့် မေလ ၁၅ မှ ၂၆ ရက်နေ့အထိ အစည်းအဝေးကျင်းပခဲ့ကြကြောင်း၊ အဆိုပါအစည်းအဝေးတွင် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်ပြစ်မှုများ နှင့် စစ်ရာဇဝတ်မှုများကို အရေးယူရာတွင် နိုင်ငံအချင်းချင်းအပြန် အလှန်အကူအညီပေးရေးနှင့် စပ်လျဉ်းသည့် (Multilateral treaty)တစ်ခုကို ပေါ်ပေါက်လာစေရေး အတွက် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာ
ဥပဒေဌာနစိတ်

ကိုးကားချက်- Fortify Rights သတင်းစာမျက်နှာ

## ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည့် အစီရင်ခံစာ

၁၂-၅-၂၀၂၃ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က လုံခြုံရေးကောင်စီသို့ လက်နက်ကိုင်ပဋိပက္ခတွင် အရပ်သားများအား ကာကွယ်စောင့်ရှောက်ခြင်း ခေါင်းစဉ်ပါ အစီရင်ခံစာကို တင်သွင်းခဲ့ကြောင်း United Nations Security Council ၏ သတင်းစာမျက်နှာတွင် ဖော်ပြထားပါသည်။

အဆိုပါ အစီရင်ခံစာတွင် ၂၁-၉-၂၀၁၈ ရက်နေ့တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ပါ တောင်းဆိုချက်များအရ အစီရင်ခံစာအား တင်သွင်းရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ်-၂၂၈၆/၂၀၁၆ ၊ ၂၄၁၇/၂၀၁၈၊ ၂၄၇၄/၂၀၁၉၊ ၂၄၇၅/၂၀၁၉ နှင့် ၂၅၇၃/၂၀၂၁ ပါ သီးခြားအစီရင်ခံစာများ တင်သွင်းရန် တောင်းဆိုချက်များကိုလည်းတုံ့ပြန်ရာရောက်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများတွင် အရပ်သားများကို စောင့်ရှောက်ခြင်း ပိုမိုအားကောင်းလာရန် လိုအပ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေကို ပိုမိုလိုက်နာရန်လိုအပ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်းဆောင်ရွက်ချက်နှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်ကတည်းက တိုးတက်နေပြီးဖြစ်ကြောင်း၊ ၎င်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့်မူဝါဒများကို ကောင်းစွာချမှတ်၍ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လက်နက်ကိုင်ပဋိပက္ခအတွင်းအပြည်ပြည်ဆိုင်ရာလူသားများ စာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ တွင်ပါဝင်သူများအားလုံး၊ နိုင်ငံအားလုံးနှင့် အခြားသောသက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍအတွက် ပိုမိုကောင်းမွန်သည့်နိုင်ငံရေးဆန္ဒကို တောင်းဆို

ထားကြောင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း လူသားများထိခိုက်နစ်နာမှုလျှော့ချရန်နှင့် စည်းကမ်းချက်များ တိုးမြှင့်ရန် အရေးယူဆောင်ရွက်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာ
ဥပဒေဌာနစိတ်

(United Nations Security Council သတင်းစာမျက်နှာ)